# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## ကွန်ကရစ်လမ်းဖောက်လုပ်ပြီးစီးမှုအား စစ်ဆေးခြင်း (၂၀၁၇ ခုနှစ် မတ်လ ၁ ရက်)




၂၀၁၇ခုနှစ်မတ်လ၁ရက်နေ့တွင်MJTDနှင့်အကြံပေးအဖွဲ့တို့သည် ကျောက်တန်းမြို့နယ်၊ညောင်ဝိုင်း ကျေးရွာအုပ်စု၊မြိုင်သာယာကျေးရွာရှိသီလဝါအထူးစီးပွားရေးဇုန်(က)တိုးချဲ့ဧရိယာမှရွှေ့ပြောင်းနေရာချထားသောနေရာ အနီးတွင်ကွန်ကရစ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေအားစစ်ဆေးခဲ့ကြပါသည်။ထိုအပြင်ရွှေ့ပြောင်းနေရာချထားသော နေရာအတွက်လိုအပ်သောအခြေခံအဆောက်အအုံနှင့်ပတ်သက်၍ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပါ သည်။

## Inspection of the construction of concrete road near the relocation site (1st Mar 2017)




MJTD and the consultant inspected the construction of the concrete road near the relocation site in Myaing Thar Yar (3) Ward, Nyaung Wine Village Tract in Kyauktan Township on 1st March 2017. Moreover, they discussed about the infrastructure for the relocation site of Zone A expansion.

## အပိုင်း(က) တိုးချဲ့ ဧရိယာမှ ရွှေ့ပြောင်းပြန်လည်နေရာချထားမည့်နေရာတွင်ရ ရှိမည့် အိမ် ခြံကွက်များကို မဲနှိုက် ရွေးချယ်ခြင်း (၂၀၁၇ ခုနှစ် မတ်လ ၁၀ ရက်)



ရန်ကုန်တိုင်းဒေသကြီး အစိုးရသည် ၂၀၁၇ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင်သီလဝါအထူးစီးပွားရေးဇုန်(က)တိုးချဲ့ဧရိယာမှပြောင်းရွှေ့လူထုအားပြန်လည်နေရာချထားမည့်နေရာရှိအိမ်၏တည်နေရာများကိုရှင်းပြပေးခဲ့ပြီး ၎င်းတို့၏အိမ်ခြံကွက်များကို ကိုယ်တိုင်မဲနှိုက်ရွေးချယ်ခြင်းများကိုပြုလုပ်ခဲ့ပါသည်။ထို့အပြင်လိုအပ်သော အလုပ်အကိုင်အထောက်အပံ့များပေးနိုင်ရန်အတွက် ပြောင်းရွှေ့လူထုများ၏ ယခုလက်ရှိအလုပ်အကိုင်၊ရွှေ့ပြောင်းရခြင်းကြောင်းဂင်ငွေထိခိုက်မှုအခြေအနေနှင့်စက်မှုဇုန်ထဲ တွင်အလုပ်လုပ်ကိုင်ချင်သူများအားလုပ်ကိုင်လိုသော အလုပ်အမျိုးအစားများ ကို လည်း တစ်ဦး ချင်းတွေ့ဆုံမေးမြန်းခဲ့ပါသည်။

## Lucky Draw Program for Housing Land at the Relocation site of Zone A extension (10th March, 2017)



On 10th March, 2017, plots to be relocated in the resettlement site for PAPs in Zone A extension are decided by the lucky draw program leaded by Yangon Regional Government (YRG). Moreover, PAPs were interviewed about their current income sources, changes of livelihood condition after moving to the relocation site and their interest of working in Thilawa SEZ.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649

## အပိုင်း(က)တိုးချဲ့ဧရိယာ မှရွှေ့ပြောင်းပြန်လည် နေရာချ ထားမည့် နေရာရှိအိမ် ဆောက်လုပ်မှု အစီ အစဉ်များ ကို ဆွေးနွေးခြင်း (၂၀၁၇ ခုနှစ် မတ်လ ၁၇ ရက်)




IRP အဖွဲ့သည် ၂၀၁၇ ခုနှစ် မတ်လ ၁၇ရက်နေ့ တွင် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (က) တိုးချဲ့ဧရိယာမှရွှေ့ပြောင်း ပြန်လည် နေရာချထားသည့်နေရာတွင် ပြောင်းရွှေ့လူထုများအနက် နေအိမ်ကိုမိမိကိုယ်တိုင်ဆောက်လုပ်လိုသောသူများအား တွေ့ဆုံပြီး အစိုးရမှ သတ်မှတ်ထားသော ဆောက်လုပ်ရမည့် အိမ်၏စံချိန်စံညွှန်း ဆောက်လုပ်ပြီးစီးရမည့်အချိန်ကာလများကိုရှင်းလင်းပြောကြားခဲ့သည့် အပြင်၎င်းတို့ ၏အိမ်ဆောက်လုပ်မှုအစီအစဉ်များကိုလည်း ဆွေးနွေး မေးမြန်းခဲ့ကြပါသည်။

## Discussion about House construction at the Relocation Site of Zone A extension (17th March, 2017)



On 17th March, 2017, the IRP team held a meeting with PAPs of Zone A extension who want to construct their houses by themselves. The objective of the meeting was to explain the measurement of housing which is designate by the Government and period of house construction and discuss about their own house construction plan.

## MJTD နှင့် ဒေသခံပြည်သူများတွေ့ဆုံဆွေးနွေးခြင်း (၂၀၁၇ ခုနှစ် မတ်လ ၂၃ ရက်)




သီလဝါအထူးစက်မှုဇုန်အနီးရှိ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး အတွက် ၂၀၁၇ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် TSMC, MJTD နှင့် IRP အဖွဲ့တို့သည် ဒေသခံများနှင့် တွေ့ဆုံပြီး ၎င်းတို့၏ အခက်အခဲနှင့် လိုအပ်ချက်များကိုဆွေးနွေးခဲ့ကြပါသည်။MJTDမှသီလဝါစက်မှုဇုန်အနီး ရှိကျောင်းများအားပညာသင်ထောက်ပံ့ကြေးငွေပေးအပ်မည့် အစီအစဉ် နှင့်စာရေးကိရိယာထောက်ပံ့ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြော ကြားခဲ့ပါသည်။ ထို့ အပြင် မြိုင်သာယာ အထက်တန်းကျောင်း(ခွဲ)ကို ဆက်လက်ဖွင့်လှစ်ခြင်း၊မြိုင်သာယာရွာရှိလမ်းများကိုတိုးမြှင့်ခြင်းနှင့် အေးမြသီတာရပ်ကွက်တွင်စာကြည့်တိုက်ဆောက်လုပ်ခြင်း၊ ကွန်ကရစ် လမ်းတိုးမြှင့်ခြင်းနှင့်သောက်သုံးရေအတွက်ရေတွင်းဆောက်လုပ်ခြင်း များကိုဆောင်ရွက်ပေးလျက်ရှိပါသည်။ MTSHအဖွဲ့သည်ရှမ်းစုရွာတွင် စာသင်ကျောင်းကို အသစ်ပြန်လည်ပြုပြင် ပေးရန်ဆုံးဖြတ်ခဲ့ပါသည်။ ဒေသခံများကလည်း၎င်းတို့၏လိုအပ်ချက်များနှင့်ရှေ့ဆက်လုပ်ဆောင် ရမည့်ဒေသဖွံ့ဖြိုးရေးအစီအစဉ်များကိုMJTDအဖွဲ့အား ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြပါသည်။

## Meeting with MJTD and the Local Community on 23rd March, 2017



The main purpose of this meeting is to know the difficulty of local people and what kind of corporate social responsibility (CSR) activities are necessary for the development of each village of Thilawa SEZ and surrounding areas. The MJTD explained the local community about the planning of giving scholarship program and support stationaries to schools near SEZ. Moreover, the school extension of Myaing Thar Yar High School (Sub), road upgrading in Myaing Thar Yar Village, as well as construction of a library, concrete road upgrading and pond construction for drinking water in Aye Mya Thi Dar ward have been processed. The Myanmar Thilawa SEZ Holdings (MTSH) decided to renovate the school in Shan Su Village. The local community discussed with MJTD about their expected future development plans.